# အနှစ်တရာ မမေ့သာ

ဉာဏ်ဦးမောင်




ဒီနေ့ နေ့လယ်ပိုင်းက ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးရဲ့ တတိယမြောက် အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်တဲ့ ကွယ်လွန်သူ ဦးသန့်ရဲ့ နှစ်တရာပြည့် အထိမ်းအမှတ်ပွဲ ပြုလုပ်ကြပါတယ်။ နေရာက ဖရီးမောင့်မြို့ မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာမှာပါ။ ဒီပွဲကို ဆန်ဖရန်စစ္စကို ဘေးရေဒါရို လူငယ်များက ဦးဆောင် ကမကထပြုလုပ်ကာ ကျင်းပကြတာပါ။ ဦးသန့်အကြောင်းကို လူငယ်တွေပိုမိုသိရှိစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပကြခြင်းဖြစ်ပါတယ်။ အရှင်ဉာဏိက၊ ဆရာဦးလှမင်း၊ ဆရာကိုထိန်လင်းနဲ့ ဆရာမင်းဇင်တို့က ဟောပြောကြပါတယ်။

တကယ်တော့ ကုလသမဂ္ဂရဲ့ အထွေထွေအတွင်းရေးမှူးချုပ်တဦးဖြစ်ပေမယ့် ဦးသန့်အကြောင်းကို နောက်လူငယ်များ သိပ်ပြီး မသိကြပါဘူး။ ဒါကလည်း လူငယ်တွေရဲ့ အားနည်းချက် မဟုတ်ပါဘူး။ သိနိုင်ဖို့ဆိုတာက ဦးသန့်အကြောင်း ကျယ်ကျယ်ပြန့်ပြန့်ရေးသားထားတဲ့ စာပေမှတ်တမ်းမျိုး စတာတွေက များများရှိပါမှ မဟုတ်လား။ ဒါပေမယ့် ကံဆိုးလှစွာ ဦးသန့်အကြောင်းကို ရေးသားထုတ်ဝေထားတဲ့ စာအုပ်စာတန်းနဲ့ အခြားမှတ်တမ်းက များများစားစား မရှိလှပါဘူး။ တကယ်တော့ ဦးသန့်က တိုင်းပြည်ဂုဏ်ဆောင်ပုဂ္ဂိုလ်။ ကမ္ဘာကပင် အသိအမှတ်ပြု လေးစားရတဲ့သူ။ ကိုယ်တို့လူမျိုးတွေအဖို့ ဂုဏ်ယူထိုက်တဲ့သူ။ စဉ်းစားကြည့်ပေါ့။ ကိုယ်တို့တိုင်းပြည်မှာ အဲဒီလိုကမ္ဘာကအသိအမှတ်ပြုလေးစားတဲ့သူ ဘယ်နှယောက်များရှိခဲ့ဘူးလို့လဲ။ တိုင်းပြည်ဂုဏ်ဆောင် ပုဂ္ဂိုလ်တယောက်အကြောင်းဆိုတာ ကျယ်ကျယ်ပြန့်ပြန့် အများသိအောင် လုပ်ဆောင်ကြရမှာပါ။

ဦးသန့်အကြောင်းက ပြောစရာတွေ အများကြီး။ ပြောရရင် သူ့လုပ်ဆောင်မှုတွေက တတိုင်းတပြည် တလူမျိုးအကျိုးတောင် မဟုတ်။ တကယ့်ကိုမှ ကမ္ဘာနဲ့ဆိုင်တဲ့အရေးအရာတွေ။ နောက်ပြီးလည်း သူ့ရိုးသားမှုနဲ့ကြိုးစားမှုကို ကမ္ဘာ့ခေါင်းဆောင်များကပင် အသိအမှတ်ပြု လေးစားခဲ့ကြတာ။ ဒီလိုရိုးသားကြိုးစားသူတစ်ဦးထံမှာ အတုယူစရာ စံပြုဖွယ်တွေဆိုတာလည်း ဘယ်နည်းလိမ့်မလဲ။ ယူတတ်လျှင် ရနိုင်မည့်အရာတွေ တပုံတပင်ရှိမှာပေါ့။ သို့ပေမယ့် ပြောခဲ့သလိုပါပဲ။ သူ့အကြောင်းကို ထုတ်ဖော်ထားတာက သိပ်များများစားစား မရှိဘူး။ ဒီတော့ သူ့အကြောင်းကိုလည်း သိပ်မသိရဘူး။ မသိတော့လည်း သူ့ဆီကနေရမယ့် အတုယူဖွယ်တွေကိုလည်း များများမရနိုင်ကြတော့ဘူးပေါ့။ ရဖို့ခက်ခဲတဲ့အရာတွေတောင် မရမနေ ခက်ခက်ခဲခဲ ယူကြရတာ။ ကိုယ်တို့က လွယ်လွယ်နဲ့ရနိုင်မယ့် အရာမျိုးကိုတောင် မယူတတ်လို့ မရနိုင်ဖြစ်နေကြရတာ။

အနာဂတ်ကိုမျှော်ကြည့်ရာမှာ ရှေ့ကိုရောက်နိုင်သမျှရောက်အောင် မျှော်ခေါ်ကြည့်ကြရမှာ။ ရေတိုအခိုက်အတန့်လေးမျှကြည့်ပြီး ပုဂ္ဂိုလ်ရေးမှန်းတီးမှုအခြေခံတွေနဲ့ စဉ်းစားလုပ်ဆောင်ကြရမှာမျိုး မဟုတ်ဘူး။ တကယ်ဆိုတော့ လူငယ်လူရွယ်တွေဆိုတာက စံပြုစရာပုဂ္ဂိုလ်တွေဆို စံပြုတတ်ကြတာ။ ကောင်းတဲ့စံကိုအတွေ့များလျှင်လည်း ကောင်းစံကိုယူဖို့ အခွင့်အလမ်း ပိုများတတ်ပါတယ်။ အပြန်အားဖြင့် မကောင်းရာမှာ စံပြုဖွယ်တွေ အတွေ့များလျှင်

လည်း မကောင်းတာကိုပဲ စံယူဖို့ အခွင့်အလမ်း များသွားတတ်တာ။ ဒါက လူငယ်သဘာဝ။ ပိုမိုတိတိကျကျ ဆိုရလျှင် လူ့သဘာဝ။ ဒါကြောင့် စံပြုဖွယ်ပုဂ္ဂိုလ်တွေရဲ့ အကြောင်းဆိုတာက လူငယ်လူရွယ်တွေ များများသိနိုင်စေဖို့ ဖန်တီးပေးကြရမှာ။ လူငယ်တွေကြားမှာ ကောင်းစံတွေ ကျယ်ပြန့်နိုင်သလောက် ကျယ်ပြန့်အောင် လုပ်ဆောင်ပေးကြရမှာ။ နောက်ပြီးလည်း ယဉ်ကျေးမှု မတူသူတွေ၊ ဘာသာလူမျိုးခြားနားသူတွေရဲ့ စံပြုဖွယ်အကြောင်းတွေကို အသိပေးတာထက် ကိုယ့်ယဉ်ကျေးမှု ကိုယ့်ဓလေ့စရိုက်နဲ့ ကိုက်ညီတဲ့သူတွေရဲ့ စံပြုဖွယ်ဂုဏ်ရည်တွေကို မျှဝေတာက ကိုယ့်တိုင်းပြည်ကို လှပလာအောင်ပုံဖော်ရာမှာ ပိုမိုပြီးလည်း ဆီလျော်နိုင်ပါတယ်။

ကိုယ့်ဆီမှာ အဲဒီလိုစံပြုဖွယ်ပုဂ္ဂိုလ်တွေ၊ အားကျအတုယူဖွယ်ပုဂ္ဂိုလ်တွေ ရှိနေပါလျက် အတုယူခွင့် မရနိုင်အောင် တားဆီးထားတာမျိုးကတော့ အလွန်မှပဲ ဝမ်းနည်းစရာကောင်းပါတယ်။ ဦးသန့်ဆိုတာ ဘယ်လိုသူမျိုးလဲ။ ဦးသန့် ပြောကြားခဲ့တဲ့ စကားလေးတခွန်းနှစ်ခွန်းမျှလောက်ကိုပဲ မြည်းစမ်းကြည့်လိုက်ပါ။ ဘယ်လောက်များ သူ့အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးဖို့လိုမယ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။

'စစ်ပွဲတွေဆိုတာ လူသားတွေရဲ့ စိတ်ထဲကပဲ စခဲ့တာပါ။ အဲဒီစိတ်ထဲက ချစ်မေတ္တာတရားနဲ့ သနားကြင်နာမှုကပဲ ငြိမ်းချမ်းမှုကို ကာကွယ်စောင့်ရှောက်တဲ့ အရံအတားကိုလည်း တည်ဆောက်နိုင်ပါတယ်'–တဲ့။ စိတ်ထားတွေ ပြုပြင်ပြောင်းလဲကြဖို့ တိုက်တွန်း နှိုးဆော်ခဲ့မှုဟာ ဘယ်လောက်တောင် တန်ဖိုးကြီးမားတဲ့အရာပါလဲ။ လူသားချင်း တန်းတူရည်တူ တန်ဖိုးထားဖို့ ပြောဆိုခဲ့ရာမှာလည်း အလွန်မှတ်သားလေးစား လိုက်နာဖွယ်ကောင်းပါတယ်။ ' နေရာဒေသတွေ၊ ဘာသာလူမျိုးတွေ မတူကွဲပြားခြားနားပေမယ့် လူသားတိုင်းဟာ လူသားဂုဏ်သိက္ခာနဲ့ညီစွာ လေးစားထိုက်သူချည်းပါ။ ကျနော်တို့ဟာ ကိုယ့်ကိုယ်ကို လေးစားတန်ဖိုးထားသလို အခြားသူတွေကိုလည်း လေးစားတန်ဖိုးထားဖို့လိုပါတယ်'။ ဦးသန့်ပြောခဲ့သလိုပါပဲ။ လူသားအချင်းချင်း အပြန်ပြန်အလှန်လှန် လေးစားတန်ဖိုးထားကာ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်သွားကြမယ်ဆိုလျှင် အချင်းချင်းကြား ငြင်းခုံနေကြရတဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချင်းများမှုတွေ၊ တစုနဲ့တစု၊ တဖွဲ့နဲ့တဖွဲ့၊ တနိုင်ငံနဲ့တနိုင်ငံ တိုက်ခိုက်နေကြတဲ့ စစ်ပွဲတွေဆိုတာ ဒီကမ္ဘာမြေပေါ်မှာ ဘယ်မှာလာလို့ ပေါ်ပေါက်လာနိုင်စရာအကြောင်း ရှိပါတော့မလဲ။ ။